ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ သောကြာနေ့၊ (27-4-2012) (၇၁၀၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

တောင်အာဖရိကသမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဧပြီ　　၂၇

၂၀၁၂ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကိဆာ ဇူးမား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော်　　ဧပြီ　　၂၆

ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Katsuya Okada အား ဧပြီ ၂၂ ရက် ညနေ ၆ နာရီခွဲတွင် တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Katsuya Okada အား တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် TEPCO Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာ

ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်လုပ်ရာတွင် အဆင့်မြင့်နည်းပညာကို အသုံးပြုသဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိကြောင်း သိရှိရ

နေပြည်တော်　　ဧပြီ　　၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် TOKYO ELECTRIC POWER COMPANY (TEPCO) Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် ကာဝါဆကီမြို့ရှိ TEPCO Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ Mr. Katsumata က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ နိုင်ငံတော်သမ္မတက လာရောက်လေ့လာရခြင်းနှင့်စပ်လျဉ်း၍ဆွေးနွေးပြောကြားသည်။

ထို့နောက် စက်ရုံအဆောက်အအုံအတွင်း လှည့်လည် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် TEPCO Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၇-၄-၂၀၁၂[သောကြာနေ့]။

မြန်မာ-ဂျပန် ဆက်ဆံရေးစာမျက်နှာသစ်ဖွင့်

မျက်မှောက်ကာလ နိုင်ငံတော်သစ် သက်တမ်းတစ်နှစ်ကျော်ကာလအတွင်း၌ ထင်သာမြင်သာသော ပြုပြင်ပြောင်းလဲမှုများ ချမှတ်ကျင့်သုံးလာနိုင်သောကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဘက်ပေါင်းစုံတွင် ကောင်းသောတိုးတက်မှုများ ဖြစ်ထွန်းလာသည်ကို တွေ့မြင်နေရပါသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားရေးတိုးတက်မြင့်မားမှုသည် အဓိကကျပေသည်။ ယခင်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်စေခဲ့သော ပိတ်ဆို့မှုများကို ဆိုင်ရာနိုင်ငံများက ဆိုင်းငံ့ပေးလိုက်သည်ဟု ကြားသိရ၍ မိမိတို့နိုင်ငံအတွက် ဝမ်းမြောက်ဖွယ်ကောင်းပေသည်။ ထပ်မံ၍ နိုင်ငံအပေါ်၌တင်ရှိနေသော ကြွေးမြီများကိုလည်း နိုင်ငံအချို့က အကူအညီပေးသည့်ပုံစံဖြင့် ဆောင်ရွက်ပေးမည်ဖြစ်၍ နိုင်ငံ၏ကြွေးမြီဝန်ထုပ်ဝန်ပိုးများ လျော့နည်းသွားမည်ဖြစ်ပေသည်။

မကြာသေးမီရက်ပိုင်းအတွင်းကပင် မြန်မာနိုင်ငံ၏ မိတ်ရင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံက အကူအညီပေးသည့်စနစ်ဖြင့် ကြွေးမြီများကိုလျှော်ပေးမည့် အစီအစဉ်များကို ဆောင်ရွက်ပေးတော့မည်ဖြစ်ရာ နှစ်နိုင်ငံခေါင်းဆောင်များ၏ မြန်မာနိုင်ငံ၏အကျိုးစီးပွားအတွက် ထားရှိသည့်စေတနာများကို အထင်အရှားတွေ့မြင်ရသည်။

မြန်မာနိုင်ငံ၌ ပြည်ပကြွေးမြီစုစုပေါင်းငွေ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ရှိသည့်အနက် ဂျပန်နိုင်ငံထံမှ ချေးယူငွေမှာ အမေရိကန်ဒေါ်လာခြောက်ဘီလီယံကျော်ပမာဏရှိသည်ဟု သိရသည်။ ယခုကဲ့သို့ ကြွေးမြီများကို အတိုင်းအတာတစ်ခုအထိ ကူညီဆောင်ရွက်ပေးခြင်းသည် နိုင်ငံ့စီးပွားရေးနှင့် နိုင်ငံတည်ဆောက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်က ကြွေးမြီများလျှော်ပေးခြင်း၊ လျှော့ချခြင်း၊ ဆိုင်းငံ့ခြင်း စသည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း စီးပွားရေး စိန်ခေါ်မှုများကို ဝိုင်းဝန်းညှိနှိုင်းအဖြေရှာကာ ကြိုးပမ်းဆောင်ရွက်ကြရဦးမည် ဖြစ်သည်။ ငွေလဲနှုန်းတွင် ကျပ်ငွေတန်ဖိုးမာနေခြင်း၊ လုပ်ငန်းများတွင် မလိုအပ်သောအပိုကုန်ကျစရိတ်များပြားနေခြင်း၊ ခေတ်ကာလနှင့်မလျော်ညီသော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ အသက်ဝင်အောင်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းရှင်များတွင် ငွေကြေးအရင်းအနှီး နည်းပါးခြင်း၊ လက်ဝါးကြီးအုပ် လုပ်ကိုင်မှုများရှိနေသေးခြင်း စသည်တို့ကို ကျော်လွှားကြရဦးမည်ဖြစ်သည်။

ထိုကဲ့သို့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများရှိသကဲ့သို့ စီးပွားရေးအခွင့်အလမ်းများလည်း ပွင့်လင်းလာသည်ကို တွေ့မြင်နေရသည်။ အမေရိကန်နှင့် ဥရောပနိုင်ငံတို့သည်ပင် စီးပွားရေးပိတ်ဆို့မှုများကို ဆိုင်းငံ့လိုက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာတော့မည်ဖြစ်ရာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်ဆောင်ရွက်နိုင်စွမ်းကို အကဲဖြတ်ရတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် ကြွေးမြီများကို လျှော်ပေးမည်ဖြစ်သကဲ့သို့ တစ်ပြိုင်နက်တည်းတွင် အတိုးနှုန်းသက်သာသော ဂျပန်ယန်းချေးငွေများကို တရားဝင်ပြန်လည်စတင်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိပြီး ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၆ ဒသမ ၂၂ သန်းခန့်ရှိသည်။ ယခုကဲ့သို့ မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားသည့် ချစ်ကြည်ရင်းနှီးခိုင်မာသောဆက်ဆံရေး စာမျက်နှာသစ်ဖွင့်လှစ်လိုက်နိုင်ခြင်းဖြင့် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပိုမိုမြင့်မားတိုးတက်လာတော့မည်ဟု ယုံကြည်ပါသည်။ ။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ နိုင်ငံနှင့် ပြည်သူများဘက်က ရပ်တည်ရမည်ဖြစ်သည့်အလျောက် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် နိုင်ငံတော်နှင့် ပြည်သူအတွက် မည်သည့်အတိုင်းအတာပမာဏအထိ အကျိုးသက်ရောက်မှု ရှိ၊ မရှိ စိစစ်သုံးသပ်နိုင်အောင် စစ်ဆေးခြင်းဖြစ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြောကြားသည်။

လုပ်ငန်းအဖွဲ့အစည်းများသည် အဓိကအားဖြင့် ပြည်သူလူထု၏အကျိုးစီးပွားတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မိမိတို့၏တာဝန်မှာ ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ချမှတ်ထားသော မူဝါဒလမ်းစဉ်နှင့် ရည်မှန်းချက်များမှ တိမ်းစောင်းမသွားစေရန် ကူညီထိန်းကျောင်းပေးရန် ဖြစ်ကြောင်း။

အဖွဲ့အစည်းများတွင် မသမာမှု၊ ကိုယ်ကျိုးရှာမှု၊ အလွဲသုံးစားမှုများ၊ စည်းမျဉ်းမကျမှုများ၊ စာရင်းထားသိုနည်းစနစ်မကျနမှုများ၊ လုပ်ထုံးလုပ်နည်းလွဲမှားမှုများနှင့် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု အားနည်းချက်များကို အချိန်မီစစ်ဆေးဖော်ထုတ်၍ ပြုပြင်တည့်မတ်ပေးခြင်းဖြင့် ပြည်သူနှင့်နိုင်ငံ၏အကျိုးစီးပွားကို ကြိုတင်ကာကွယ်ပေးနိုင်ကြောင်းဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က မိမိတို့သည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို စစ်ဆေးရေးအလုပ်ဖြင့် ကာကွယ်စောင့်ရှောက်ဖော်ဆောင်ကြသော ဝန်ထမ်းများဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းအဖွဲ့အစည်းများ၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်နှင့် ဌာနတွင်းစစ်ဆေးမှုကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အတတ်နိုင်ဆုံး အားပေးတိုက်တွန်း၍ အကြံဉာဏ်ကောင်းများပေးရန်လိုကြောင်း၊ စွမ်းဆောင်ရည်မြင့်မားရာ မြင့်မားကြောင်း၊ လုပ်ငန်းအောင်မြင်ရာ အောင်မြင်ကြောင်းကို ရှေးရှုစစ်ဆေးရန်လိုကြောင်း၊ မိမိတို့၏ စစ်ဆေးရေးလုပ်ငန်းတွင် ရလဒ်ကောင်းဖြင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေကာ နိုင်ငံ၏ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေနိုင်ကြောင်း၊ မိမိတို့သည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးအတွက် မိမိတို့၏ အလုပ်ကိုစွမ်းအားပြည့် ကြိုးပမ်းလုပ်ကိုင်ကြရန်၊ နိုင်ငံတော်နှင့် အစိုးရအပေါ် သစ္စာစောင့်သိရန်၊ ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းကြရန်၊ ပြည်သူတို့အား ရိုးသားစွာနှင့် ထိရောက်စွာ အလုပ်အကျွေးပြုရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၂ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စ မေတေးအမ် အင်ကိုအာနား မာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၄-၂၀၁၂ (သောကြာနေ့)

၇း၁၀	တရားတော်		**(အပိုင်း-၁၂)**
၈း၁၅	မှတ်တမ်း	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄း၂၀	ဇာတ်လမ်းတို		-ယနေ့ရန်ကုန်မြင်ကွင်းစုံ
၄း၄၅	အိုင်စီတီသုတ		-သံစဉ်များနှင့်ကမ္ဘာ
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး		-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၅း၃၀	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တမလွန်မှပြောသောစကား” (အပိုင်း-၁၆)**
၆း၃၀	“ရွှာ”ဟာသဇာတ်လမ်းတွဲ		
၆း၄၅	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သမုဒယနှောင်ကြိုး” (အပိုင်း-၂၄)**
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို**		

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေဖြူမြို့နယ် ကလိန်အောင်မြို့နယ်ခွဲ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့နယ်ခွဲသို့ သွားရောက်၍ ထားဝယ်-မလွှဲတောင်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလိန်အောင်မြို့နယ်ခွဲ အလယ်စခန်းရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ လော့သိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ရာဖူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ကော့လှိုင်ကျေးရွာအခြေခံပညာမူလတန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကလိန်အောင်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ကလိန်အောင်မြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်းနှင့် ကလိန်အောင်ပြည်သူ့ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၆ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၃. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၈၇၄၉	၀. ၀၃၂၃၉
တရုတ် (ယွမ်)	၆. ၃၀၃၃၂	၀. ၁၅၈၆၅
အိန္ဒိယ (ရူပီး)	၅၂. ၅၁၄၆	၀. ၀၁၉၀၄
မလေးရှား (ရင်းဂစ်)	၃. ၀၅၀၀၀	၀. ၃၂၇၈၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၁၅၄	၀. ၈၀၅၄၅
ဂျပန် (ယန်း)	၈၀. ၇၈၉၇	၀. ၀၁၂၃၈
တောင်ကိုရီးယား(ဝမ်)	၁၁၃၅. ၆၉	၀. ၀၀၀၈၈
ယူရို	၀. ၇၅၆၅၇	၁. ၃၂၁၇၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၉၁	၁. ၆၁၈၃၇

အင်တာနက်။

သဘာဝဝန်းကျင်ထိန်းသိမ်းရေး ရတနာတန်းဝင် ကျွန်းပင်များ စိုက်ပျိုးပေး

ရမည်းသင်း ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှရွာနေ ဦးကျော်ဝင်း၏ ခြံအတွင်း၌ စိုက်ပျိုးထားသော ကျွန်းပင်များ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။ ထိုသူသည် သီးနှံစုံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိပြီး တစ်ဖက်တစ်လမ်းမှလည်း ဝါသနာပါသော စိုက်ပျိုးရေးလုပ်ငန်းကို လေ့လာစိုက်ပျိုးဆောင်ရွက်နေသူတစ်ဦး ဖြစ်သည်။

သူစိုက်ပျိုးခဲ့သော ကျွန်းပင်များကို လွန်ခဲ့သော ရှစ်လခန့်က စိုက်ပျိုးခဲ့သည်ဟုသိရပြီး ပျိုးပင်ပေါက်ကို မန္တလေးမြို့ ပျိုးခြံများမှ ဝယ်ယူရရှိကာ တစ်ပင်လျှင် ငွေကျပ် ၈၀၀ ပေးရပြီး နိုင်ငံခြားကျွန်းစပ်မျိုးဖြစ်ကာ ပျိုးပင်ပေါက်ဝယ်ယူစဉ်အခါက တစ်ပေခွဲခန့်သာရှိပြီး ပလတ်စတစ်အိတ်ဖြင့်ထည့်ကာ ပျိုးထောင်ထားခြင်းဖြစ်သည်ဟု သိရသည်။ ယင်းပျိုးပင်ပေါက်များကို အကွက်များသို့ ပြောင်းရွှေ့စိုက်ပါက အနက်တစ်တောင်ထွာခန့် တူးပြီး မြေဆွေးထည့်ကာ ပလတ်စတစ်ခွာပြီး စိုက်ပျိုးရသည်ဟု သိရသည်။

တစ်ပင်နှင့်တစ်ပင် ခုနစ်ပေအကွာထား၍ အတန်းလိုက်စိုက်ပျိုးထားပြီး မိုးတွင်းကာလ ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးပါက ပို၍ အပင်အဖြစ်မြန်သည်ဟု သိရသည်။

စိုက်သက် ရှစ်လသားအရွယ် ယခုလက်ရှိ ကျွန်းပင်များ၏ အမြင့်မှာ ပျမ်းမျှခြောက်ပေဝန်းကျင်ခန့် ရှိပြီဖြစ်ပြီး ခက်လက်များဝေဆာကာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။ ပင်စည်လုံးပတ် လေးလက်မ ဝန်းကျင်ခန့်ရှိပြီဖြစ်သည်။ မြေတစ်ဧကလျှင် အပင် ၁၂၀၀ ကျော် စိုက်ပျိုးနိုင်သည်ဟု သိရသည်။

မည်သည့်မြေမျိုးမဆို စိုက်ပျိုး၍ရနိုင်ပြီး လိုအပ်သောအခါတွင် ရေသွင်းပေးနိုင်ပါက ပို၍ကောင်းသည်ဟု သိရသည်။

“နှစ်ရှည်သစ်ပင် ဖြစ်သော်လည်း တောင်သူများအဖို့ မိမိတို့ အိမ်ဝိုင်း၊ ခြံစည်းရိုးနှင့် ယာခင်း၊ ကန်သင်းစပ်များတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်သကဲ့သို့ အခြားသီးနှံစိုက်ပျိုးရန် ခက်ခဲသော မြေလွတ်၊ မြေရိုင်းများတွင် စိုက်ပျိုးရန်သင့်ပြီး ခုနစ်နှစ်၊ ရှစ်နှစ်ဝန်းကျင်တွင် ဝင်ငွေရရှိကာ မိသားစုအတွက် တစ်ပိုင်တစ်နိုင် ဝင်ငွေရရှိနိုင်၍ ကျွန်းပင်များ တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ဦးကျော်ဝင်း(မြို့လှ)က အကြံပြုပြောကြားသည်။

ယခုကဲ့သို့ တစ်ပိုင်တစ်နိုင် နှစ်ရှည်ရတနာတန်းဝင်ကျွန်းပင်များကို တောင်သူများ စိုက်ပျိုးပါက မိမိတို့အတွက် အကျိုးရှိသည့်နည်းတူ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်ပြီး တစ်ဖက်တစ်လမ်းမှ အမျိုးသားရေးအသိဖြင့် နိုင်ငံတော်အတွက် အကျိုးပြုနေသည်မှာလည်း အမှန်ပင်ဖြစ်သည့်အတွက် စိုက်ပျိုးသင့်ပါကြောင်း ရေးသားလေ့လာဖော်ပြလိုက်ရပေသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် International Friendship Exchange Council (FEC) ဥက္ကဋ္ဌ Mr. Ken Matsuzawa နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၆

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဆိတ်သာမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ နေပြည်တော်(တပ်ကုန်း)တွင် ၁ ဒသမ ၀၂ လက်မနှင့် မချမ်းဘောမြို့တွင် သုည ဒသမ ၆၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအား ဩဝါဒစကားပြောကြားစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၄-၂၀၁၂ (သောကြာနေ့)

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ပရိတ်တရားတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၈း၀၀ ၃။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၂၀ ၄။ အဆိုပြိုင်ပွဲ
၈း၄၀ ၅။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၂၀ ၂။ "နှောင်းနောင်တ"
၄း၅၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၄။ "မူဆယ်တစ်ဝန်းဆီရွှေဖြူလွှမ်းတော့မည်"
၅း၃၅ ၅။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၁၅ ၇။ မိုးလေဝသအခြေအနေ
၆း၂၀ ၈။ ရသစုံလင်အင်တာနက်ဥယျာဉ်
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ **"လျှပ်တစ်ပြက်ဟာသများ"**
၁၂။ **"အိပ်မက်ထဲကအတိုင်း" (မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်နိုင်ရေးပညာပေးဇာတ်လမ်း)**
၁၃။ သီချင်းချစ်သူ (Cobra)

နိုင်ငံခြားသားဧည့်သည်များ စနစ်တကျလုံခြုံချောမွေ့အဆင်ပြေစွာ သွားလာနိုင်ရန် မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံခြားသားဧည့်သည်များ မြန်မာနိုင်ငံအတွင်း စနစ်တကျဖြင့် လုံခြုံချောမွေ့အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရန် မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် **(အောက်ပုံ)** နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းတာဝန်ကြီး(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတာဝန်ကြီး(၄)ရပ်မှာ နိုင်ငံခြားသားခရီးသည် ဝင်/ထွက် မှုစနစ်တကျ လွယ်ကူအဆင်ပြေစေရေး၊ ခရီးသည်များသွားလာရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာယာဉ်များစနစ်တကျဖြစ်စေရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားရေး၊ ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးတို့ဖြစ်ကြောင်း၊ ယခုအစည်းအဝေးမှာ နိုင်ငံခြားသားခရီးသည်များ မြန်မာနိုင်ငံအတွင်း သွားလာလည်ပတ်ရာတွင် လွယ်ကူအဆင်ပြေစေရန် သယ်ယူပို့ဆောင်ရေးယာဉ်များ စနစ်တကျဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်း။

နိုင်ငံခြားသားဧည့်သည်များသည် သွားလာလည်ပတ်ရာတွင် စီးနင်းသည့် မော်တော်ယာဉ်များ အဆင့်မီရေး၊ လုံခြုံမှုအပြည့်အဝ ရှိစေရေး၊ ဝန်ဆောင်မှုအပေါ် ကျေနပ်နှစ်သက်မှုရှိစေရေး၊ ထိုက်သင့်သည့် တန်ဖိုးပေး၍ စီးနင်းနိုင်ရေး စသည့် လုပ်ငန်းစဉ် ရည်မှန်းချက်များထားရှိ၍ အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားဧည့်သည် အသွားအလာများသည့် အချို့ခရီးစဉ်ဒေသများတွင် လုံခြုံမှုအပြည့်အဝပေးနိုင်သည့် အာမခံချက်ရှိသောယာဉ်များ စနစ်တကျမရှိခြင်း၊ ယာဉ်စီးခနှုန်းထားများ ပုံသေသတ်မှတ်ထားရှိမှု မရှိခြင်းတို့ကြောင့် အချို့ကိစ္စများတွင် မလိုလားအပ်သော အုပ်ချုပ်မှုပြဿနာများဖြစ်ပေါ်စေနိုင်သဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာထိခိုက်စေနိုင်ကြောင်း။

သို့ဖြစ်၍ ၎င်းပြဿနာများမဖြစ်ပေါ်စေရေးအတွက် သယ်ယူပို့ဆောင်ရေးယာဉ်များစနစ်တကျဖြစ်ပေါ်လာစေရန် ယခုလိုစီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ပုဂံဒေသ၌ မေ ၁၅ ရက်တွင် စတင်ဆောင်ရွက်ပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ဟဲဟိုး၊ အင်းလေး၊ ကော့သောင်းနှင့် တာချီလိတ်ဒေသများ၌ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မော်တော်ယာဉ်၊ စက်လှေ၊ မြင်းလှည်းတို့တွင် နိုင်ငံခြားသားဧည့်သည် စီးနင်းနိုင်သည့် တံဆိပ်အပြာဝိုင်း၊ ခရီးစဉ်အလိုက် ပုံသေသတ်မှတ်ထားသည့် ဈေးနှုန်းစာရွက်များကပ်ထားရေး၊ ကျေနပ်မှုမရှိလျှင် ဆက်သွယ်တိုင်ကြားနိုင်သည့် Information Counter MTT ၏ ဖုန်းနံပါတ်များ တပ်ဆင်ပေးထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံခြားသားဧည့်သည်များ သွားလာမှုလွယ်ကူအဆင်ပြေစေရန် ပုဂံဒေသ၌ မော်တော်ယာဉ်၊ မြင်းလှည်းနှင့် ဧရာဝတီရေဆိပ်၌ စက်လှေများ၊ ဟဲဟိုး၊ ညောင်ရွှေ ရေဆိပ်၌ စက်လှေများ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးစိုးတင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ လမ်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာ-ညောင်ရွှေလမ်း၊ အောင်ပန်း-ပင်းတယလမ်းနှင့် ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်းသည် ဒေသဖွံ့ဖြိုးရေးအတွက် ယာဉ်ကြီးများ ပါသွားလာနိုင်ရန် ရည်ရွယ်၍ လမ်းပြင်ဆင်ခြင်း၊ လမ်းချဲ့ခြင်းများ ဆောင်ရွက်ရန်နှင့် လမ်းထပ်ပိုးလွှာခင်းခြင်းနှင့် တံတားများကြံ့ခိုင်မှုရှိရေး၊ လမ်းကျဉ်းနေရာများတွင် လမ်းတိုးချဲ့ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်သတင်းဌာနများမှ သတင်းထောက်များအား လက်ခံတွေ့ဆုံ

မြန်မာ့နိုင်ငံရေး၊ ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မေးမြန်းချက်များကို ဖြေကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံရှိ သတင်းဌာနများမှ သတင်းထောက်များအား တိုကျိုမြို့ရှိ Hotel New Otani ၌ တွေ့ဆုံ၍ မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံရှိ သတင်းဌာနများမှ သတင်းထောက်များအား ဧပြီ ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားသည်။

လက်ခံတွေ့ဆုံသည့် သတင်းဌာနများမှာ Japan National Press Club, NHK Japan Broadcasting Corporation, Nippon Television, NEKKI Asia News Department, Kyodo News, The Yomiuri Shimbun နှင့် The Mainichi Newspaper တို့ဖြစ်သည်။

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဦးလှထွန်း၊ သံအမတ်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းထောက်များက မေးမြန်းသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ မတူညီသည်များကို ဘေးဖယ်၍ နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် တူညီသည့်ကိစ္စရပ်များတွင် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးဖော်ဆောင်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဖြေကြားခဲ့သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် Sumitomo - Mitsui Banking Cooperation (SMBC) မှ Deputy President Mr. Hiroshi Minoura တို့ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများအား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂျပန်နိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဧပြီ ၂၁ ရက်တွင် တိုကျိုမြို့ရှိ Hotel New Otani ၌ Suzuki Motor Corporation မှ Vice President Mr. Yasuhito Harayama နှင့် လည်းကောင်း၊ Tobacco International (JTI) မှ Executive Vice President Mr. Saeki Akira နှင့် လည်းကောင်း တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုမှု၊ စက်ရုံများ တည်ဆောက်လိုမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် နည်းပညာများ မျှဝေပေးလိုမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီတွင် Hotel New Otani ၌ Sumitomo- Mitsui Banking Cooperation (SMBC) မှ Deputy President Mr. Hiroshi Minoura သည် လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်လိုမှု၊ ပုဂ္ဂလိကဘဏ်များ အဆင့်မြင့်တင်ရေးအတွက် IT နည်းပညာ ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ဧပြီ ၂၁ ရက် ညနေပိုင်းတွင် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Yukio Edano နှင့် အဖွဲ့အား တွေ့ဆုံ၍ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ တရားဝင်ဖွံ့ဖြိုးမှုအကူအညီများ၊ ချေးငွေများပေးအပ်ရေး၊ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။**(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ဧပြီ ၂၂ ရက် ညနေပိုင်းတွင် Hotel New Otani ၌ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hideichi Okada နှင့် NEDO အဖွဲ့တို့ လာရောက်တွေ့ဆုံပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဧပြီ ၂၁ ရက်တွင် Japan Heart မှ Secretary General, Yoshiaki Usiu နှင့် အဖွဲ့သည် လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အနာဂတ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ရတနာပုံအသင်း ထိုင်းနိုင်ငံ၌ သွားရောက်ခြေစမ်းမည်

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန် ဧပြီ ၂၆

ယခု ၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိရေး ပစ်မှတ်ထားနေသည့် MNL ကလပ် ရတနာပုံအသင်းသည် **(အောက်ပုံ)** ဒုတိယအကျော့မစတင်မီ ပြိုင်ပွဲခေတ္တရပ်နားထားစဉ် ကာလအတွင်း ထိုင်းနိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ရတနာပုံအသင်းသည် ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရီဆာဆနာအသင်းအပါအဝင် ကလပ်အသင်းသုံးသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ခြေစမ်းပွဲများအဖြစ် ဧပြီ ၂၈ ရက်တွင် ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရီဆာဆနာအသင်း၊ မေ ၁ ရက်တွင် ထိုင်းပထမတန်းကလပ် ဖူးခက်အသင်း၊ မေ ၃ ရက်တွင် ထိုင်းပထမတန်းကလပ် ကရာဘီအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဧပြီ ၂၇ ရက်တွင် ထွက်ခွာမည်ဖြစ်ကာ မေ ၅ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ရတနာပုံအသင်းကို အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း ဦးဆောင်၍ အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၂၂ ဦး လိုက်ပါသွားမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာယူ-၂၂ အသင်းတွင် ပါဝင်သည့် သက်နိုင်နှင့် ရဲဇော်ထက်အောင်၊ ဒဏ်ရာရရှိနေသည့် ဂိုးသမား ဇော်ဇော်နိုင်တို့မှလွဲ၍ MNL ပြိုင်ပွဲအတွက် မှတ်ပုံတင်ထားသည့် ကစားသမားများကို ခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း သိရသည်။

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက "မိမိကစားသမားများ နိုင်ငံတကာအတွေ့အကြုံကောင်းများ ရရှိစေရန်နှင့် နိုင်ငံခြားသား ကစားသမားသစ်များ၏ ခြေစွမ်း၊ ခြေစကို လေ့လာရန် ယခုကဲ့သို့ ထိုင်းနိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများ ကစားခြင်းဖြစ်ပါကြောင်း၊ ခြေစမ်းပွဲများဖြစ်သည့်အတွက် အနိုင်၊ အရှုံးရလဒ်ကို အဓိကမထားဘဲ အတွေ့အကြုံကောင်းများရရှိရန်သာ ရည်ရွယ်ပါကြောင်း၊ ထိုင်းပရီမီယာလိဂ် ထိပ်သီး တယ်ရီဆာဆနာအသင်းမျိုးနှင့် ကစားရမည်ဖြစ်၍ များစွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခု ၂၀၁၂ ရာသီတွင် MNL ချန်ပီယံဆုကို တစ်ကျော့ပြန်ရယူနိုင်ရန် ကြိုးပမ်းနေပါကြောင်း၊ ပထမအကျော့မှာ အမှတ်ပေးဇယားထိပ်ပိုင်းမှာ ရပ်တည်နိုင်ပြီး ရလဒ်များ ကောင်းခဲ့သော်လည်း အပြည့်အဝ ကျေနပ်ခြင်းမရှိသေးကြောင်း၊ ပေးဂိုးများနေပြီး နောက်တန်းနှင့် ကွင်းလယ်ကို လူသစ်များအား ဖြည့်လိုကြောင်း၊ ယခုခြေစမ်းခရီးစဉ်တွင် စမ်းသပ်မည့် နိုင်ငံခြားသား ကစားသမားများမှာ ယခင်ကစားသမားများထက် ပိုကောင်းပါက လဲလှယ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် MNL အမှတ်ပေးချန်ပီယံဆုအတွက် အသင်းအများအပြား မျှော်လင့်ချက်ရှိနေပြီး အသင်းအားလုံး တန်းတူအခွင့်အရေးရှိကြောင်း၊ MNL အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးရယူနိုင်အောင် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဧပြီ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တိုကျိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel New Otani မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နာရီတာလေဆိပ်သို့ ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးတန်း ဒုတိယဝန်ကြီး Mr. Kenichiro SASAE နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Takashi SAITO၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့် ဝန်ထမ်း၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက်နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံမှ ထိုင်းအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ဗန်ကောက်မြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ည ၈ နာရီတွင်ရောက်ရှိကြသည်။ ထို့နောက် ရန်ကုန်မြို့၌ ညအိပ်ရပ်နားပြီး နေပြည်တော်သို့ ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့ နာရီတာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကျောက်ဖြူလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် Beech -1900D လေယာဉ်ဖြင့် ရန်ကုန်မြို့မှ သံတွဲလေဆိပ်သို့ရောက်ရှိပြီး လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ပြီးစီးမှု၊ ဝန်ထမ်းအိမ်ရာများထပ်မံတည်ဆောက်နိုင်ရေးအတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပိုင် မြေနေရာများနှင့် လေဆိပ်အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လေဆိပ်အဆောက်အအုံသန့်ရှင်းသပ်ရပ်မှုရှိရေး၊ လေဆိပ်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ သန့်စင်ခန်းများသန့်ရှင်းမှုရှိစေရေးနှင့် လေယာဉ်စီးခရီးသည်များ ဝင်ထွက်မှု အဆင်ပြေချောမွေ့စေရေးတို့ကို စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကျောက်ဖြူလေဆိပ်သို့ ရောက်ရှိပြီး လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်နေမှုအခြေအနေနှင့် လေဆိပ်အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေး၍ မြန်မာ့လေကြောင်းအပါအဝင် လေကြောင်းလိုင်းများမှ လေယာဉ်ပြေးဆွဲပျံသန်းနေမှုအခြေအနေများနှင့် ခရီးသည်ရရှိမှုအခြေအနေများကို မေးမြန်းကာ ခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် စစ်တွေလေဆိပ်၌ ကြည့်ရှုစစ်ဆေးပြီး စစ်တွေမြို့ရှိ ပြည်နယ်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်တွင်းရေကြောင်း၊ မြန်မာ့လေကြောင်းနှင့် မိုးလေဝသနှင့် ဇလဗေဒဌာနများမှ ဝန်ထမ်းများနှင့်လည်းကောင်း၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ပို့ဆောင်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံကာ စစ်တွေဆိပ်ကမ်းကို သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုးဆူကျေးရွာ၌ အထွက်တိုးစပ်မျိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၄ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကိုးဆူကျေးရွာရှိ Asia Square Power Group Co.,Ltd. ၏ အထွက်တိုးစပ်မျိုးစပါးစိုက်ကွင်းသို့ရောက်ရှိပြီး တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ အထွက်တိုး စပ်မျိုးစပါး Super Right (35) အား Combine Hervester စက်ဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးကာ တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ ထိုင်းနိုင်ငံ Empire Asia Energy Group Co.,Ltd. မှ Chief Executive Officer Mr. Suwit Pitrchat ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ဆိုင်း ကချင်ပြည်နယ်အစိုးရအဖွဲ့က မြစ်ကြီးနားမြို့နယ်နှင့် တနိုင်းမြို့နယ်များသို့ လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ်များဖြင့် ရေပက်ဖျန်းသရုပ်ပြသမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုန်သွယ်လုပ်ငန်းခွန်လျှော့၍ ဆိုင်ကယ်ဈေးကျ မန္တလေးဆိုင်ကယ်ဈေးကွက် အရောင်းအဝယ်အေး

မန္တလေး ဧပြီ ၂၆

ဆိုင်ကယ်မြို့ဟု တင်စားခေါ်ဆိုသည့် မန္တလေးမြို့တွင် ဂျပန်ဆိုင်ကယ်၊ ထိုင်းဆိုင်ကယ်များထက် ဈေးနှုန်းသက်သာသည့် တရုတ်ဆိုင်ကယ်များ အသုံးပြုမှုများလာသည်။ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ကုန်သွယ်လုပ်ငန်းခွန်များ လျှော့ချသတ်မှတ်ခဲ့၍ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းရှိ ဆိုင်ကယ်တင်သွင်းသည့် ကုမ္ပဏီများ ဝယ်ဈေးများ တည်ငြိမ်လျက်ရှိပြီး ကုန်သွယ်လုပ်ငန်းခွန် လျှော့ချခဲ့သဖြင့် ဈေးကွက်ရောင်းဈေးများလျှော့၍ အပြိုင်အဆိုင်ရောင်းချလျက်ရှိသည်။

၂၀၁၂ မော်ဒယ် ၂၀ ယ/. . . . နံပါတ်ဂျာလင်းစူပါကပ်တစ်စီးလျှင် ကျပ် ၅၈၀၀၀၀ မှ ကျပ် ၅၄၀၀၀၀ သို့ လည်းကောင်း၊ ဟန်ဆင်း(၁၁၀) ခုံရှည်တစ်စီးလျှင် ကျပ် ၄၆၀၀၀၀ မှ ကျပ် ၄၁၀၀၀၀ သို့ လည်းကောင်း၊ Zongshen(ဆိုင်ကလုန်း) တစ်စီးလျှင် ကျပ် ၈၄၀၀၀၀ မှ ကျပ် ၈၀၀၀၀၀ သို့ လည်းကောင်း၊ New Ambo-y2k တစ်စီးလျှင် ကျပ် ၅၀၀၀၀၀ မှ ကျပ် ၄၅၀၀၀၀ သို့ ကျဆင်းသွားပြီး နယ်စပ်လမ်းကြောင်းမှ တရားမဝင်ယူဆောင်လာသည့် လိုင်စင်မဲ့ဆိုင်ကယ်များလည်း အနိမ့်ဆုံး ကျပ် ၂၈၅၀၀၀ မှ အမျိုးအစားအလိုက် ကျပ် ၄၀၀၀၀၀ အထိ ရှိသည်။ မြို့နေပြည်သူအများစုသည် ကုမ္ပဏီများမှ လိုင်စင်ပါဆိုင်ကယ်များ ဝယ်ယူစီးနင်းကြသော်လည်း နယ်မြို့များနှင့် ကျေးလက်ပြည်သူများသည် ဈေးသက်သာသည့် လိုင်စင်မဲ့ဆိုင်ကယ်များအား ၃၈ လမ်း လိုင်စင်မဲ့ဆိုင်ကယ်ဈေးကွက်မှ ဝယ်ယူစီးနင်းကြကြောင်း သိရသည်။

(၆၅၃)

မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ်လှူဒါန်းပွဲ အခမ်းအနား ကချင်ပြည်နယ် မြစ်ကြီးနား၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၆

ကချင်ပြည်နယ်အစိုးရအဖွဲ့က မြစ်ကြီးနားမြို့နယ်နှင့် တနိုင်းမြို့နယ်များသို့ မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ်များလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မြင့်ဆွေက ပြည်နယ်အတွင်း မီးသတ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို တင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြီးနားမြို့နယ်အတွက် မီးသတ်ယာဉ်တစ်စီးနှင့် ရေသယ်ယာဉ် နှစ်စီး၊ တနိုင်းမြို့နယ်အတွက် မီးသတ်ယာဉ်တစ်စီးနှင့် ရေသယ်ယာဉ်တစ်စီးတို့ကို သက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ်များဖြင့် ရေပက်ဖျန်းသရုပ်ပြသမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီး သုံး စွဲ လျှင် သ တိ ယှဉ် အ စဉ် သ တိ အ မြဲ ရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နေပြည်တော်သို့ ရောက်ရှိနေသော အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Giuliomaria TERZI DI SANT' AGATA ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၂၅ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ Mayor Of Turin H.E. Mr. Piero Fassino၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Paolo AndreaBETORELLIနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် အီတလီနိုင်ငံ၏ အထောက်အပံ့နှင့် ယူနက်စကို၏အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရေးနှင့် ယဉ်ကျေးမှုနှင့်ပြန်ကြားရေးကဏ္ဍတို့တွင် တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

ထို့နောက် အီတလီအစိုးရအထောက်အပံ့ဖြင့် UNESCOက ကြီးကြပ်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မား ဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များနှင့်ပြည်တွင်းဂျာနယ်များမှ သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်းကို အီတလီအစိုးရအထောက်အပံ့ဖြင့် UNESCO က ကြီးကြပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များက သိရှိလိုသည့် အချက်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Capacity Building for Safeguarding Cultural Heritage in Myanmar စီမံကိန်းကို အီတလီနိုင်ငံ၏ အထောက်အပံ့အစီအစဉ်ဖြင့် ယူနက်စကိုကကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ၎င်းစီမံကိန်းတွင် အပိုင်း(၃)ပိုင်းပါရှိသည်။

စီမံကိန်းအပိုင်း(၁)တွင် ပျူမြို့ဟောင်းများနှင့် ပုဂံမြို့ဟောင်းတို့ရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသနေရာတို့၏ အရေးပေါ်ဆောင်ရွက်ရမည့် ထိန်းသိမ်းမှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်(Management-Plan)ရရှိစေရန်အတွက် လုပ်ငန်းခွင်အတွင်း လေ့ကျင့်သင်ကြားပေးရန်တို့ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း လေ့ကျင့်သင်ကြားမှုတွင် အုတ်အဆောက်အအုံနှင့်ကျောက်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းပညာနှင့် မှတ်တမ်းပြုစုခြင်းပညာများ၊ နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းများပြုပြင်ထိန်းသိမ်းခြင်းများ ပါဝင်သည်။

စီမံကိန်းအပိုင်း(၂)တွင် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်နည်းပညာစနစ်(Geography Information System)ကိုအသုံးပြု၍ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သတင်းအချက် အလက်စီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်တည်ဆောက်ရာ၌ ပစ္စည်းကိရိယာနှင့် Software များ ထောက်ပံ့ခြင်း၊ အချက်အလက်နှင့်နည်းပညာများ လေ့ကျင့်သင်ကြားပေးခြင်း၊ စွမ်းရည်မြင့်မားရန်မြှင့်တင်ပေးခြင်းနှင့် GIS စာတွေ့၊ လက်တွေ့သင်တန်း သုံးကြိမ် သင်ကြားလေ့ကျင့်ပေးခြင်းများပါဝင်သည်။

စီမံကိန်းအပိုင်း(၃)တွင် ကမ္ဘာ့အမွေအနှစ်စာရင်း၌ အမည်တင်သွင်းနိုင်ရေးအတွက်လုပ်ငန်းစဉ်(Process to Nominate World Heritage Sites) တွင် မူဝါဒဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးရန်ဖြစ်သည်။ အမျိုးသားအမွေအနှစ်စာရင်းများပြုစုခြင်း၊ အမည်စာရင်းတင်သွင်းရာတွင် ကူညီရေးသားတင်ပြခြင်း၊ လိုအပ်သောကိစ္စများ ပံ့ပိုးဆောင်ရွက်ခြင်းများပါဝင်သည်။

ယခုကဲ့သို့ ယူနက်စကိုနှင့်အီတလီနိုင်ငံတို့မှ အထောက်အပံ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော Capacity Building for Safeguarding Cultural Heritage in Myanmar စီမံကိန်းသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်ရေတိုရေရှည်အတွက် များစွာအထောက်အကူပြုကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Giuliomaria TERZI DI SANT' AGATAအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မား ဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေး မှူး ချုပ် ဦးကျော်ဦးလွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ ဖတ်စရာ မှတ်စရာ

ရပ်နိုင်ပေ့ ရပ်နိုင်ပေ့ တို့ကလေးက ရပ်နိုင်ပေ့

"ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့။ တို့ကလေးက ရပ်နိုင်ပေ့"

အဖေ အမေတို့ကဖြစ်စေ၊ အစ်ကို အစ်မများက ဖြစ်စေ၊ လူကြီးသူမဦးဦးဒေါ်ဒေါ်တို့ကဖြစ်စေ မတ်တတ်ရပ်ခါစ ကလေးငယ်လေးကို လက်ခုပ်တီးပြီး အားပေးနေခြင်းဖြစ်သည်။ ကလေးငယ်လေးက အားယူပြီး မတ်တတ်ရပ်သည်။ မတ်တတ်ရပ်ခါစ ဖြစ်၍ ဟန်ချက်ကိုညီအောင်မထိန်းနိုင်ဘဲ လဲတော့မလိုလိုနှင့်ဟိုယိမ်းဒီယိုင်ဖြစ်နေသည်။

'ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့။ တို့ကလေးက ရပ်နိုင်ပေ့'

ဟိုယိမ်းဒီယိုင်ဖြစ်နေသော ကလေးငယ်လေး လဲကျမသွားရလေအောင် ဂရုတစိုက်ကြည့်နေသည်။ ဆွဲကူဖေးမပေးခြင်း မပြုသေးဘဲ လက်ခုပ်တီးပြီးအားပေး၍သာနေသည်။ ကလေးငယ်ကိုယ်တိုင် သူ့ဘာသာသူ သူ့ခွန်အားနှင့် မတ်တတ်ရပ်နိုင်အောင် လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ လက်ခုပ်တီးပြီး အားပေးနေသည်ကို ကလေးငယ်ကိုယ်တိုင်ကလည်း တခစ်ခစ်အသံပေးရင်း ရယ်မောသဘောကျနေ၏။ သူ့ကိုယ်သူလည်း ယိမ်းယိုင်ပြီးလဲကျမသွားအောင် အားတင်းထိန်းထားသည်။ ယိုင်နဲ့နဲ့ ကတုန်ကယင်ဖြစ်နေရာမှ တည့်တည့်မတ်မတ်ဖြစ်သွားအောင် ထိန်းနိုင်သွားပြီ။ ဟန်ချက်ညီအောင် ထိန်းနိုင်သွားပြီမို့ မားမားမတ်မတ်ရပ်နိုင်နေပြီ။ ကလေးငယ်သည် သူ့ဘာသာသူအားပြုပြီး မတ်တတ်ရပ်နိုင်လာသည်။ သူ့ကိုယ်သူ ယုံကြည်စိတ်ဖြင့် ထပ်ကာထပ်ကာ မတ်တတ်ရပ်၏။ တစ်ဆင့်တက်ပြီး ခြေလှမ်းများ လှမ်းကြည့်၏။

တစ်လှမ်း. . .၊ နှစ်လှမ်း. . .၊ သုံး. . . လေး. . . လှမ်း။

ကျွန်တော်တို့ကိုယ်တိုင်သည်လည်း ကလေးငယ်ဘဝ အဦးဆုံးမတ်တတ်ရပ်နိုင်ခဲ့ရာမှတစ်ဆင့် ဘဝခရီးခြေလှမ်းများကို ပိုင်ဆိုင်ခဲ့ရခြင်းမဟုတ်ပါလား။

ပက်လက်အရွယ်ကလေးငယ်လေးသည် ဘယ်လူးညာလွန့်ဖြင့် ဝမ်းလျားမှောက်ဖြစ်သွားသည်။ တစ်ဖန်ပြန်ပြီး ပက်လက်လန်သွားပြန်၏။ တဖြည်းဖြည်းချင်းဖြင့် မှောက်နိုင်လှန်နိုင်ပြီဖြစ်နေသည်။ ထိုမှတစ်ဆင့် ထိုင်နိုင်လာ၏။ ထိုင်ရာမှတစ်ဆင့်တက်ပြီး မတ်တတ်ရပ်နိုင်ခြင်းဖြစ်သည်။ မတ်တတ်ရပ်နိုင်ရာမှတစ်ဆင့် တစ်လှမ်းချင်းခြေလှမ်းများဖြင့် လှမ်းလျှောက်နိုင်သောခြေလှမ်းများကို ပိုင်ဆိုင်လာပြီး လူ့ဘဝ လူ့လောကထဲသို့ တိုးဝင်ရလေတော့၏။

ပက်လက်အရွယ်ကလေးငယ်ဘဝမှသည် လျင်မြန်သွက်လက်သော ခြေလှမ်းများကို ပိုင်ဆိုင်ခွင့်ရရှိလာအောင် မိဘတို့ကဖြစ်စေ၊ အစ်ကို အစ်မတို့ကဖြစ်စေ၊ ဦးဦးဒေါ်ဒေါ်တို့ကဖြစ်စေ အားပေးဝိုင်းကူကြရသည်။ အားပေးဝိုင်းကူရင်းဖြင့် ကလေးငယ်တို့၏ ကိုယ်စွမ်းကိုယ်စကို ဖော်ထုတ်ပေးနေကြရပေမည်။ ကလေးငယ်သည် မိမိ၏ကိုယ်စွမ်းကိုယ်စကို မိမိကိုယ်တိုင်ယုံကြည်ကိုးစားလိုမှုဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးနိုင်ခြင်းမျိုးသည်သာလျှင် ဝိုင်းကူအားပေးခြင်း အစစ်အမှန်ဖြစ်ပေသည်။

မတ်တတ်ရပ်ခါစကလေးငယ်လေးကို ကလေးကိုယ်တိုင်သူ့ဘာသာသူ မတ်တတ်ရပ်ချင်လာအောင် လှုံ့ဆော်အားပေးနေရမည်။ ကလေးငယ်၏ မတ်တတ်ရပ်ချင်စိတ်ကို နှိုးဆွပေးနေရမည်ဖြစ်သည်။ မတ်တတ်ရပ်ခါစဖြစ်သည့်အတွက် ကလေးငယ်ခမျာမှာ မတ်တတ်ရပ်နိုင်ရန် အခက်အခဲများရှိနေပေလိမ့်မည်။ သူ့ကိုယ်သူမထိန်းနိုင်သေးဘဲ ကတုန်ကယင်ဖြစ်နေပေမည်။ ကလေးငယ်သည် ကတုန်ကယင်ဖြစ်နေသည်ကို တည်တည်ငြိမ်ငြိမ်ခိုင်ခိုင်မတ်မတ်ဖြစ်သွားအောင် သူ့အသိ၊ သူ့အင်အားဖြင့် ထိန်းသွားပါလိမ့်မည်။ ထိန်းလိုစိတ်လျော့ပါးမသွားရအောင်လည်း ဘေးဘီက လှုံ့ဆော်အားပေးနေရပေမည်။ သူ့အသိ သူ့အင်၊ သူ့အားဖြင့်ထိန်းသွားနိုင်ခြင်းသည် ကလေးငယ်၏ ကိုယ်စွမ်းကိုယ်စပေါ်လွင်လာခြင်းပင် မဟုတ်ပါလား။

မတ်တတ်ရပ်ခါစမို့ လဲတော့မလိုလို ယိုင်နဲ့နဲ့ဖြစ်သွားသည်ကို အမိအဖ၊ အစ်ကို အစ်မ၊ ဦးဦး ဒေါ်ဒေါ်တို့က စေတနာပိုပြီး ဆွဲကူပေးလိုက်ပါလျှင် ထိုကလေးငယ်၏ မတ်တတ်ရပ်လိုစိတ်က ငုပ်လျှိုးနေဦးမည်မှာ သေချာသည်။ မတ်တတ်ရပ်ရာ၌ ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲဆင်းရဲပင်ပန်းမှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့်သတ္တိနှင့်ဇွဲတို့ ပျော့ညံ့သွားပေတော့မည်။ သတ္တိနှင့်ဇွဲတို့ ပျော့ညံ့သွားရခြင်းသည် အမိအဖ၊ အစ်ကိုအစ်မ၊ ဦးဦးဒေါ်ဒေါ်တို့ကိုယ်တိုင်က ကလေးငယ်တို့၏ ကိုယ်စွမ်းကိုယ်စကို ချိုးနှိမ်နေသောကြောင့်ဖြစ်သည်။ ထိုကလေးငယ်တို့၏ နူးညံ့သိမ်မွေ့ပျော့ပျောင်းလွန်းသော စိတ်အစဉ်၌ ဆင်းရဲပင်ပန်းမှုဒဏ်ကို ရင်ဆိုင်ရဲသည့်သတ္တိများ မရှိတော့ပေ။ ခက်ခဲပင်ပန်းစွာဖြင့် မတ်တတ်ရပ်ရမည့်အကျင့်ကို နှစ်မြို့တော့မည် မဟုတ်တော့ပေ။ ထိုကလေးငယ်မျိုးသည်ကား မတ်တတ်ရပ်နိုင်မည့် အရွယ်အချိန်ကျော်လွန်မှသာ မတ်တတ်ရပ်နိုင်တော့မည်ဖြစ်သည်။

ကိုယ်တိုင်လုပ်ချင်စိတ်များ နိုးကြားရှင်သန်နေအောင် နှိုးဆွပေးသော အားပေးခြင်းမျိုးဖြင့် အားပေးကြရမည်သာဖြစ်သည်။ စိတ်ဓာတ်ကို နှိုးဆွပေးနိုင်ခြင်းမျိုးမဟုတ်ပါက အားပေးခံရသူ၏ ကိုယ်စွမ်း ကိုယ်စများ ငုပ်လျှိုးသွားမည်သာဖြစ်သည်။ ကိုယ်စွမ်းကိုယ်စဟူသည် မိမိ၏အစွမ်းအစသာဖြစ်သည်။ သူတစ်ပါး၏အစွမ်းအစသည် မိမိ၏ အစွမ်းအစမဟုတ်ပေ။ မိမိ၏အစွမ်းအစသည်သာလျှင်မိမိ၏ဘဝကို တည်ဆောက်နိုင်မည်မဟုတ်ပါလား။

ရေနံ့သာ မောင်ကျော်ညွန့်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား JICA ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား Japan International Cooperation Agency (JICA)မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Masahiko TANAKA နှင့် JICA (ရုံးချုပ်) Economic Infrastructure Departmentမှ DirectorMr.Akihito SANJOတို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးကြသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးလှမြင့်၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းအောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

သဝဏ်လွှာများ မှတ်တမ်းတင်၊ ကိုယ်စားလှယ်များဆွေးနွေး၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဧပြီ ၂၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယကဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၅၉၈ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ သဝဏ်လွှာများ မှတ်တမ်းတင်ခြင်း၊ ကိုယ်စားလှယ်များဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

သဝဏ်လွှာများမှတ်တမ်းတင်ခြင်းကဏ္ဍ၌ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်း နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သဝဏ်လွှာများအနက် မှတ်တမ်းတင်ရန်ကျန်ရှိသည့် ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲသို့ အာဆီယံ ဥက္ကဋ္ဌကိုယ်စား ကမ္ဘောဒီးယားနိုင်ငံက စေလွှတ်ခဲ့သည့် လေ့လာသူကိုယ်စားလှယ်အဖွဲ့၏ သတင်းထုတ်ပြန်ချက်နှင့် စပ်လျဉ်းသည့် သဝဏ်လွှာ၊ အကြိမ်(၂၀)မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်းသည့် သဝဏ်လွှာနှင့် ဂျပန်နိုင်ငံကြွေးမြီများနှင့်သက်ဆိုင်သည့် သဝဏ်လွှာတို့ကို လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်သည်။

ကိုယ်စားလှယ်များဆွေးနွေးခြင်းကဏ္ဍ၌ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်း အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအပေါ် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးသိန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဦးဝင်းနောင်နှင့် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ဆွေးနွေးကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ "ပြည်ထောင်စုအဆင့်အဖွဲ့အစည်း" ဟူသော စကားရပ်ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိပါကြောင်း၊ "ပြည်ထောင်စုအဆင့်အဖွဲ့အစည်း" ဟူသော စကားရပ်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲ... ပြည်ထောင်စုရွေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေများတွင်သာ ပါရှိပါကြောင်း၊ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များနှင့် ရောထွေးသုံးသပ်ခြင်းမှာ မှားယွင်းပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ညီညွတ်မှုမရှိပါကြောင်း။

ခုံရုံးသည် ဥပဒေပြဋ္ဌာန်းချက်အခိုင်အမာရှိပြီးဖြစ်သော လွှတ်တော်ဆိုင်ရာ ဥပဒေများပါ "ပြည်ထောင်စုအဆင့် အဖွဲ့အစည်း" ဟူသော စကားရပ်၏ အဓိပ္ပာယ်ကိုဆွဲယူ၍ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်း အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိဟု ဆုံးဖြတ်ခြင်းမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းပေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စုရွေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေများသည်လည်း ဖွဲ့စည်းပုံအခြေခံနှင့် ညီညွတ်ခြင်းမရှိဟု ဆိုလိုရာ ရောက်ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ဆန့်ကျင်နေသည်မှာ ပေါ်လွင်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ(၃)ရပ်၌ အမြင့်ဆုံးဖြစ်သော ဥပဒေပြုအာဏာကို ကျင့်သုံးဆောင်ရွက်နေသော ပြည်ထောင်စုလွှတ်တော်၊ တစ်နည်းအားဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သည့် လွှတ်တော်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှလွဲ၍ အခြားမဖြစ်နိုင်သောကြောင့် ခုံရုံးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမဟုတ်ကြောင်း ဆုံးဖြတ်ချက်မှာ မှားယွင်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်ကြသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သင့်လျော်သည့် နေရာတွင် ရှင်းရှင်းလင်းလင်းဖော်ပြကာ ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက က ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် ယခု လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် အကြံပြုချက်များရယူ၍ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ပြုစုကာ ဧပြီ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရှင်းလင်းတင်ပြခြင်းကဏ္ဍ ၌ နိုင်ငံတော်သမ္မတက မိမိ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း** နှင့် **၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က ရှင်းလင်းတင်ပြသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းက ဖတ်ကြားရှင်းလင်းပြီး နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်များအပေါ် ဆွေးနွေးလိုသည့် အချက်များကို တစ်ပေါင်းတည်း ဆွေးနွေးကြရန်နှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာကို ဖော်ပြလက်မှတ်ရေးထိုးပြီး ဧပြီ ၂၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားပြီး အစည်းအဝေး(၂၉)ရက်မြောက်နေ့ကို ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ထိုင်းနိုင်ငံတို့မှ ဧည့်သည်များတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Dr. Samlee Plianbangchang သည် ဌာနေကိုယ်စားလှယ် Dr. H.S.B Tennakoon နှင့်အတူ ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ထိုင်းနိုင်ငံ MAHIDOL- OXFORD TROPICAL MEDICINE RESEARCH UNIT မှ Professor Nicholas White သည် Dr. Frank Smithuis နှင့်အတူ ညနေ ၃ နာရီတွင် လည်းကောင်း အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Dr. Samlee Plianbangchang လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးနှင့် တွေ့ဆုံရာတွင် ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ကုသရေးလုပ်ငန်းများကို စီမံချက်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်မှု အတွေ့အကြုံဖလှယ်ကြပြီး ဆက်လက်၍ ပံ့ပိုးဆောင်ရွက်မည့် အစီအစဉ်များ၊ မြွေဆိပ်ဖြေဆေးနှင့် ခွေးရူးပြန် ရောဂါကာကွယ်ဆေး၊ အသည်းရောင်အသားဝါ "ဘီ" ပိုးကာကွယ်ဆေးထုတ်လုပ်ရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များ၊ ငှက်ဖျား၊ တီဘီနှင့် အခြားကူးစက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

MAHIDOL-OXFORD TROPICAL MEDICINE RESEARCH UNIT အဖွဲ့နှင့် တွေ့ဆုံရာတွင် ငှက်ဖျားရောဂါကာကွယ်ကုသရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ဆေးယဉ်ပါးမှုပြဿနာများနှင့်ပတ်သက်၍ အတွေ့အကြုံဖလှယ်ကြပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဏာမလက်ရွေးစင်ရွေးချယ်ရေး စံချိန်ယူရေကူးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကကြီးမှူး၍ ASIA SUPERMARKET က အဓိကကူညီပံ့ပိုးသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ရွေးချယ်ရေး ရေကူးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီး၊ အမျိုးသား

အမျိုးသမီးသက်ကြီးတန်း မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် နန်းခမ်းမြတ်ခြူးက စံချိန် ၂ မိနစ် ၅၅ ဒသမ ၅၀ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် နေအောင်လင်းက စံချိန် ၂ မိနစ် ၅၇ ဒသမ ၆၈ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် မင်းသုခက စံချိန် ၂ မိနစ် ၁၁ ဒသမ ၁၈ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ကေဇင်ဝင်းက စံချိန် ၂ မိနစ် ၃၁ ဒသမ ၁၉ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် သီဟအောင်က စံချိန် ၁ မိနစ် ၁၃ ဒသမ ၁၅ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ကေဇင်ဝင်းက စံချိန် ၁ မိနစ် ၁၉ ဒသမ ၁၈ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် မြတ်နိုင်က စံချိန် ၁ မိနစ် ၂၀ ဒသမ ၁၉ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် အိအိသက်က စံချိန် ၁ မိနစ် ၂၂ ဒသမ ၃၄ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် မင်းသုခက စံချိန် ၁ မိနစ် ၀၆ ဒသမ ၉၇ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် သန့်သန့်စုစံက စံချိန် ၁ မိနစ် ၁၉ ဒသမ ၁၆ စက္ကန့်တို့ဖြင့် ပထမရရှိသွားကြသည်။

ပြိုင်ပွဲများအပြီးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးချကီးယို၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးဝဏ္ဏထွန်းနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး ။ မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

❐ ရှေ့ဖုံးမှ

ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ TEPCO ကုမ္ပဏီသည် တိုကျိုမြို့နှင့် ပတ်ဝန်းကျင်ကို အဓိကလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ကုမ္ပဏီမှ ဂျပန်နိုင်ငံ၏ ဧရိယာ ၁၀ ရာခိုင်နှုန်း(၃၉၅၂၇ကီလိုမီတာ) ကို လွှမ်းခြုံ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကာ ဂျပန်နိုင်ငံလူဦးရေ၏ ၃၄ ရာခိုင်နှုန်း(လူဦးရေ ၄၄ သန်း)ကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။TEPCO ကုမ္ပဏီသည် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ စက်သုံးဆီတို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့် ကုမ္ပဏီကြီးဖြစ်သည်။ ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် လောင်စာကို ထိထိရောက်ရောက် အသုံးချ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ကုမ္ပဏီဖြစ်ကြောင်း၊ ငွေကြေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လောင်စာရရှိမှုတို့အပေါ် မူတည်၍ ဒေသ၏လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို ဆောင်ရွက်ပေးကြောင်း၊ ဂျပန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဧရိယာ ရှစ်ခုခွဲ၍ စက်ရုံများဆောက်လုပ်ဖြန့်ဖြူးပေးနေကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမာကူရမြို့ရှိ ကမာကူရ ဗုဒ္ဓရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ယင်းအနက် Kawasaki စက်ရုံသည် ရေနွေးငွေ့တာဘိုင်နှင့် သဘာဝဓာတ်ငွေ့တာဘိုင်နှစ်မျိုးလုံးကို အသုံးပြု၍ လည်ပတ်ကြောင်း၊ ဘေးထွက်ပစ္စည်းကို လောင်စာအဖြစ် ပြန်လည်အသုံးပြုကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ယိုကိုဟားမားမြို့ရှိ J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြပြီး စက်ရုံအစည်းအဝေးခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဟီတမူရက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ နိုင်ငံတော်သမ္မတက လာရောက်လေ့လာရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဤစက်ရုံသည် ကျောက်မီးသွေးလောင်စာကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေသောစက်ရုံဖြစ်ကြောင်း၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် အဆင့်အမြင့်ဆုံး နည်းပညာကို အသုံးပြုထားသဖြင့် အသန့်ရှင်းဆုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကထားကြောင်း၊ နှစ်ပေါင်း ၆၀ ကျော်ရေအား၊ ကျောက်မီးသွေးနှင့် စက်သုံးဆီတို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး တစ်ကမ္ဘာလုံးတွင် စက်ရုံပေါင်း ၇၀ ကျော်ပိုင်ဆိုင်ထားကြောင်း၊ ကျောက်မီးသွေးကို ပြည်ပမှ တင်သွင်းပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ အများဆုံး ဝယ်ယူအသုံးပြုကြောင်း၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော်လည်း အဆင့်မြင့်နည်းပညာကို အသုံးပြုသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမာကူရမြို့ရှိ ကမာကူရ ဗုဒ္ဓရုပ်ပွားတော်ကြီးအား သွားရောက်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကမာကူရ ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ကြေးဆင်းတုဖြစ်ပြီး ကိုတိုကုအင်း ဘုရားကျောင်းအတွင်း တည်ရှိသည်။ ခရစ်နှစ် ၁၂၅၂ ခုနှစ်က သွန်းလုပ်ခဲ့သည့် ကမာကူရ ဗုဒ္ဓကြေးဆင်းတုကြီးသည် ၁၃ ဒသမ ၃၅ မီတာ အမြင့်ရှိသည်။

ကမာကူရ ဗုဒ္ဓကြေးဆင်းတုကြီးသည် ဂျပန်နိုင်ငံတွင် ဒုတိယအကြီးဆုံး ဆင်းတုတော်ကြီးဖြစ်သည်။ အကြီးဆုံးမှာ နာရ (Nara)မြို့ရှိ တိုဒိုင်းဂျိ (Todaiji)ဘုရားကျောင်းအတွင်း တည်ရှိသော တိုဒိုင်းဂျိ ဆင်းတုတော်ကြီးဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံအစည်းအဝေးခန်းမ၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လာရောက်လေ့လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အားသုံးစွဲသော စက်မှုလက်မှု လုပ်ငန်းရှင်များ သိရှိလိုက်နာရေးနှိုးဆော်

နေပြည်တော် ဧပြီ ၂၆

နွေရာသီကာလတွင် ဓာတ်အားသုံးစွဲမှုပိုမိုများပြားပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုနှင့် မျှတမှုမရှိသည့်အခါ၌ အများပြည်သူကို ဦးစားပေးဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ရကြောင်း၊ ယင်းသို့ ဓာတ်အားပေးနိုင်ရေးအတွက် စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများကို အများပြည်သူမီးသုံးစွဲမှု အများဆုံးအချိန်ဖြစ်သည့် ညနေ ၅ နာရီမှ ည ၁၁ နာရီအတွင်း ဓာတ်အားသုံးစွဲမှုခွင့်မပြုခြင်း၊ နေ့ပိုင်းအချိန်များတွင် ဓာတ်အားလုံလောက်မှုမရှိပါကလည်း အလှည့်ကျဓာတ်အားပေးခြင်းများ ဆောင်ရွက်ပေးရကြောင်း၊ သို့ရာတွင် အချို့သောစက်ရုံ၊ အလုပ်ရုံများသည် သတ်မှတ်လျှပ်စစ်မီး မသုံးစွဲရသည့်အချိန်ကို လိုက်နာမှုမရှိဘဲ လုပ်ငန်းများဆောင်ရွက်နေကြခြင်းကြောင့် ဓာတ်အားဖြန့်ဖြူးမှုစနစ် ထိန်းသိမ်းရာတွင် ခက်ခဲမှုများရှိနေကြောင်း၊ ယင်းကဲ့သို့ သတ်မှတ်အချိန်အတွင်း စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေပါက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တရားမဝင်ဓာတ်အားသုံးစွဲမှုကို အရေးယူမည့် လုပ်ထုံးလုပ်နည်းများအရ-

(က) ပထမအကြိမ် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဓာတ်အားဖြတ်တောက်၍ လျော်ကြေးငွေတွက်ချက်တောင်းခံခြင်း။

(ခ) ဒုတိယအကြိမ် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဓာတ်အားဖြတ်တောက်၍ လျော်ကြေးငွေတွက်ချက်တောင်းခံခြင်းအပြင် ဓာတ်အားကို တစ်လဖြတ်တောက်ထားခြင်း။

(ဂ) တတိယအကြိမ် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဓာတ်အားဖြတ်တောက်၍ လျော်ကြေးငွေတွက်ချက်တောင်းခံခြင်းအပြင် ဓာတ်အားကို သုံးလဖြတ်တောက်ခြင်း။

(ဃ) စတုတ္ထအကြိမ် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက ရဲစခန်းတွင် အမှုဖွင့်တရားစွဲဆိုပြီး လုံးဝ(ရာသက်ပန်) ဓာတ်အားဖြတ်တောက်ထားခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် အထက်ဖော်ပြပါအရေးယူဆောင်ရွက်နိုင်သည့် အချက်များကို သိရှိထားရန်နှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို သတ်မှတ်ချိန်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သုံးစွဲပေးခြင်းဖြင့် လျှပ်စစ်ဓာတ်ဖြန့်ဖြူးခြင်း ဆောင်ရွက်မှုကို အကူအညီပေးရာရောက်ကြောင်းဖြင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နှိုးဆော်ထားသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် (ဒုတိယအကျော့) အနိုင်/အရှုံးရလဒ်များ

၂၆ - ၄ - ၂၀၁၂

ရီးရဲမက်ဒရစ်	၃ - ၄	ဘိုင်ယန်မြူးနစ်

နှစ်ကျော့ပေါင်း သုံးဂိုးစီသရေဖြစ်နေ၍ ပယ်နယ်တီကန်သွင်းရာ ဘိုင်ယန်မြူးနစ်က သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီးဖြစ်သည်။

ချန်ပီယံလိဂ် ဗိုလ်လုပွဲကို မေ ၁၉ ရက်နေ့တွင် ဘိုင်ယန်မြူးနစ်နှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမာကူရမြို့ရှိ ကမာကူရ ဗုဒ္ဓရုပ်ပွားတော်ကြီးအား သွားရောက်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကမာကူရ ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ကြေးဆင်းတုဖြစ်ပြီး ကိုတိုကုအင်း ဘုရားကျောင်းအတွင်း တည်ရှိသည်။ ခရစ်နှစ် ၁၂၅၂ ခုနှစ်က သွန်းလုပ်ခဲ့သည့် ကမာကူရ ဗုဒ္ဓကြေးဆင်းတုကြီးသည် ၁၃ ဒသမ ၃၅ မီတာ အမြင့်ရှိသည်။

ကမာကူရ ဗုဒ္ဓကြေးဆင်းတုကြီးသည် ဂျပန်နိုင်ငံတွင် ဒုတိယအကြီးဆုံး ဆင်းတုတော်ကြီးဖြစ်သည်။ အကြီးဆုံးမှာ နာရ (Nara)မြို့ရှိ တိုဒိုင်းဂျိ (Todaiji)ဘုရားကျောင်းအတွင်း တည်ရှိသော တိုဒိုင်းဂျိ ဆင်းတုတော်ကြီး ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် TEPCO Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အတွင်း ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား TEPCO Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအစည်းအဝေးခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ယိုကိုဟားမားမြို့ရှိ J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယနေ့တွင် **ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ**က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဧပြီ ၂၆ ရက်တွင် ဦးနိုင်ငွေသိမ်း အပါအဝင် ပုဂ္ဂိုလ် ၁၅ ဦးက မွန်ဒီမိုကရေစီပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၇-၄-၂၀၁၂ (သောကြာနေ့)

၅း၄၀	"ကမ္မသက္ကတဉာဏ်ပေါ် ဖုံးနေသည့်အမှောင်"တရားတော် (ထူးကြီးဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ)
၁၀း၄၅	Fashion Week (Forever) (Part-1)
၁၂း၁၀	ဘဝရဲ့ချောက်ကမ်းပါးစွန်း (အူမကြီးကင်ဆာနှင့် ပြန်ရည်ကျိတ်ကင်ဆာ)
၂း၂၀	HOLIKA HOLIKA ကိုရီးယားအလှကုန်ပစ္စည်းသစ် မိတ်ဆက်ခြင်းနှင့် စိန်မဟာကံထူးရှင်ရွေးချယ်ပွဲ
၅း၀၀	ပန်းပျိုးလက်ရဲ့ ငွေကြယ်ပွင့်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၅)**
၈း၃၀	Myanmar Cooking Master (ပွဲစဉ်-၁၆)
၉း၂၀	Show Room (Part-15)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၁၉)**
၁၀း၂၀	Style ရှိမှ Star ဖြစ်မယ်
၁၁း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၂၅)**
၁၁း၄၀	အနုပညာမိုးကောင်းကင်
၁း၃၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မင်းဟိန်းနှင့် တွေ့ဆုံခြင်း)
၄း၁၅	လှပသစ်ဆန်းအလှပြင်ခန်း

ကျည်တောက်ပေါက်ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ စဉ့်ကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းမြင့်နှင့် အလှူရှင် ဦးကျော်ဇောတို့က တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုက်နယ်ဆေးရုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် အလှူရှင် ဦးကျော်ဇော (မိသားစု)က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ တိုက်နယ်ဆေးရုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အလှူရှင်များက ထာဝရဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ တိုက်နယ်ဆေးရုံသစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၉၀၊ အမြင့် ၁၅ပေရှိကာ အလှူရှင်ယောက်ကော် ဆရာကြီး ဦးသန်းစိန်ထွန်းနှင့် သား ဦးကျော်ဇော နဂါးမောက်တောင် စဉ့်ကူးမြို့နယ်က ငွေကျပ်သိန်း ၂၀၀၀ ကျော် အကုန်အကျခံလှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အလှူရှင် ဦးကျော်ဇော(မိသားစု)က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

နိကာယ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၂ ခုနှစ် နိကာယ်စာမေးပွဲကို ဇွန် ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင်ပါဝင်သော ပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဘိုင်ယန်မြူးနစ်

မြူးနစ်က သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲ

ယ်လ်ဆီးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

နိုင်ငံတကာ အားကစား

နိုင်လင်းကြည်

ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဖလား ရနိုင်မည်လော

လန်ဒန် မေ ၂၆

ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဖလားပိုင်ရှင် ဖြစ်လာမည်လားဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ဘာစီလိုနာအသင်း၏ နျူးကမ့်ကွင်း၌ သွားရောက်ကစားခဲ့ပြီးနောက် ချယ်လ်ဆီးနည်းပြ ဒီမတ်တီယိုက ဖြေကြားခဲ့သည်။

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် နျူးကမ့်ကွင်းသို့ သွားရောက်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး ဂယ်ရီကာဟေးလ် ဒဏ်ရာအနာတရကြောင့် လူစားလဲခဲ့ရပြီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီမှာလည်း အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အချိန်တွင် အသင်းအတွက် အင်အားလျော့သွားခဲ့ရသလို ကျန်ကစားသမားများအတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်ဟု ဆိုသည်။

ကစားသမားများ၏ စိတ်ဓာတ်နှင့် ခြေစွမ်းပိုင်းကြွံခိုင်မှုနှင့် မိမိ၏ ညွှန်ကြားမှုများအရ အဝေးကွင်းသို့ သွားရောက်ကစားခဲ့ရသော်လည်း အောင်မြင်မှုရရှိခဲ့သည်ဟု နည်းပြဒီမတ်တီယိုက ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်း၏ ချန်ပီယံအိပ်မက်ကို စပိန်ကလပ်ဘာစီလိုနာက ဖျက်ဆီးမည်ဟု သတိပေးမှုများကို ကြားခဲ့ရသော်လည်း အနိုင်အရှုံးရလဒ်ကိုမူ ပြိုင်ပွဲ၏ယှဉ်ပြိုင်မှု ကံကြမ္မာကသာ အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ ဒီမတ်တီယိုက ဆိုသည်။

ချယ်လ်ဆီးအသင်းသည် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသော်လည်း ဒရော့ဘာ၊ အက်ရှ်လေကိုးလ်၊ လမ်းပတ်၊ ရာမီရက်၊ တောရက်စသည့် အားထားရသည့်ကစားသမားများ၏ ခြေစွမ်းပြကစားမှုကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ထာဝရမမေ့နိုင်စရာပွဲတစ်ပွဲအဖြစ် သုံးသပ်ခဲ့မိကြောင်း၊ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ မေ ၁၉ ရက်တွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ အိမ်ရှင်ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဝေးကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သော်လည်း ချန်ပီယံလိဂ်အိပ်မက် နှစ်မြိုက်စွာ မက်နိုင်ပြီဟုပင် ထင်မိပါကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ဒီမတ်တီယိုက ပြောကြားခဲ့သည်။

အင်တာနက်။

မန်ယူတိုက်စစ်မှူး ဒန်နီဝဲဘက်ခ် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီ

မန်ယူတိုက်စစ်မှူး ဒန်နီဝဲဘက်ခ်။

မန်ချက်စတာ မေ ၂၆

အင်္ဂလန်ကြယ်ပွင့် မန်ယူတိုက်စစ်မှူး ဒန်နီဝဲဘက်ခ်သည် တစ်ပတ်လုပ်ခပေါင် ၄၅၀၀၀ ဖြင့် မန်ယူအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုရန် သဘောတူလိုက်ပြီဖြစ်သည်။

ဝဲဘက်ခ်သည် အင်္ဂလန်အင်အားကြီးအသင်းဖြစ်သော ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၌ နောက်ထပ် ငါးနှစ်ဆက်လက်ကစားရန် ရည်ရွယ်ထားခြင်းကြောင့် ယခုနှစ် ဘောလုံးရာသီကုန်တွင် စာချုပ်သစ်ချုပ်ဆိုမည်ဖြစ်ကြောင်း Goal.com က အခိုင်အမာပြောကြားခဲ့သည်။

ဒန်နီဝဲဘက်ခ်၏ ဘောလုံးစွမ်းရည်ကို အစဉ်တစိုက်စောင့်ကြည့်နေခဲ့ကြောင်းနှင့် ၎င်းအား လက်ရှိလုပ်ခလစာထက်ပိုသည့် စာချုပ်သစ်တစ်ရပ် ကမ်းလှမ်းရန်လည်း ရည်ရွယ်ထားခဲ့ကြောင်း မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ဘောလုံးရာသီအစတွင် ပြောကြားခဲ့သည်။

မန်ချက်စတာနွယ်ဖွား ဒန်နီဝဲဘက်ခ်သည် မန်ယူအသင်းတွင် ကစားခွင့်ရသည့် ကစားသမားများထဲတွင် အသက်အရွယ်အရငယ်သော်လည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြဖာဂူဆန်က ဆိုသည်။

အင်တာနက်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် (၃၇၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်**ပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၆-၄-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သီပေါမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား

သီပေါ မေ ၂၆

မေ ၂၅ ရက်နံနက် ၆ နာရီခွဲက လားရှိုးမှ မန္တလေးသို့ ထွက်ခွာလာသော ကိုဉာဏ်မြင့် မောင်းနှင်သည့် MARK II ဆလွန်းအဖြူရောင်(၆ဂ/---)နှင့် မန္တလေးမှ လားရှိုးသို့ ထွက်ခွာလာသည့် ကိုဘိုဘို မောင်းနှင်သည့် ရဲမာန်အောင် (၄ခ/---) မှန်လုံခရီးသည်တင်ယာဉ်တို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ဒုဋ္ဌဝတီမြစ်ကူးတံတား လားရှိုးဘက်အထွက်ထိပ်၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ယာဉ်ငယ်၏ ခေါင်းပိုင်း ကြေမွပျက်စီးသွားသည်။ **(အပေါ်ပုံ)**

ယင်းကိစ္စနှင့်ပတ်သက်၍ သီပေါရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။ (၂၄၇)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဥရောပအရှေ့ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများနှင့် ကုန်သွယ်မှုမြှင့်တင်ရန် တရုတ်နိုင်ငံရည်မှန်း

မေ ၂၅ ရက်က မြို့တော်ဝါဆော၌ တရုတ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ပိုလန်ဝန်ကြီးချုပ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

ဝါဆော မေ ၂၆

တရုတ်နိုင်ငံသည် ၂၀၁၅ခုနှစ်တွင် ဥရောပအရှေ့ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများနှင့် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာဘီလီယံ ၁၀၀ အထိ မြှင့်တင်သွားရန် ရည်မှန်းထားကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မေ ၂၆ ရက်တွင် ပြောကြားသည်။

တရုတ်ဝန်ကြီးချုပ်သည် ဥရောပခရီးစဉ်၏ ခရီးတစ်ထောက်နိုင်ငံအဖြစ် ပိုလန်နိုင်ငံသို့ ရောက်ရှိနေသည်။

ကမ္ဘာ့စီးပွားရေးအခြေအနေသည် ယခုနှစ် ယခုအချိန်အထိ တိုးတက်မှုရှိနေကြောင်း၊ သို့ရာတွင် စီးပွားရေး နာလန်ထူမှုမှာ ယခုထက်တိုင်အောင် အင်အားခိုင်မာမှုမရှိသေးကြောင်း ဝန်ကြီးချုပ် ဝမ်က ပြောကြားသည်။

ကုန်သွယ်ရေးမညီမျှမှုများဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ ဥရောပအရှေ့ပိုင်းနိုင်ငံများ၏ စိုးရိမ်ပူပန်မှုများအပေါ် တရုတ်နိုင်ငံက နားလည်သိရှိပါကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံသည် ဥရောပအရှေ့ပိုင်းနှင့်အရှေ့တောင်ပိုင်းနိုင်ငံများသို့ ချေးငွေများပေးသွားရန်လည်း မျှော်မှန်းထားသည်ဟု ဆို၏။

ဆင်ဟွာ။

တောင်တရုတ်ပင်လယ်အတွင်းမှ ဓာတ်ငွေ့များထွက်ရှိမည်ဟု ဖိလစ်ပိုင်ရှုမြင်

မနီလာ မေ ၂၆

တရုတ်နိုင်ငံကလည်း ပိုင်ဆိုင်ကြောင်း ကြေညာနေသည့် တောင်တရုတ်ပင်လယ်အတွင်း၏ နယ်မြေတစ်ခုမှ သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းအားဖြင့် အနာဂတ်ကာလတွင် စွမ်းအင်လိုအပ်ချက် ဖူလုံမည်ဟု မျှော်လင့်ရကြောင်း ဖိလစ်ပိုင်နိုင်ငံက မေ ၂၄ ရက်တွင် ပြောကြားသည်။

ပေါ်ထွက်လာ

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံနှင့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိခြင်းကြောင့် နှစ်နိုင်ငံ တင်းမာမှုမြင့်တက်နေချိန်တွင် အထက်ပါအတိုင်း ဖိလစ်ပိုင်၏အမြင် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ကျွန်းမှ ၁၄၈ ကီလိုမီတာခန့်ဝေးသော ရီဘင့်ရေပြင်ဒေသမှ သဘာဝဓာတ်ငွေ့ အမြောက်အမြားထွက်ရှိမည်ဟု စွမ်းအင်ဝန်ကြီး ရီးနီးအယ်လ်မင်ဒရာက အကောင်းဘက်မှ ရှုမြင်သည်။

ပြောကြား

ရီဘင့်ရေပြင်ဒေသတွင် နိုင်ငံ၏ အကြီးမားဆုံး သဘာဝဓာတ်ငွေ့ သိုက်ကြီးရှိနိုင်ဖွယ်ရာတွေ့ရှိကြောင်း ဖိလစ်ပိုင်ကုမ္ပဏီဖိုရမ် အင်နာဂျီ၏ အစီရင်ခံစာကို ရည်ညွှန်း၍ ဝန်ကြီးက ပြောကြားခြင်းဖြစ်သည်။

ယမန်နှစ်က ရီဘင့်ရေပြင်တွင် ၎င်း၏စမ်းသပ်ရှာဖွေရေးသင်္ဘောကို တရုတ်သင်္ဘောများက နှောင့်ယှက်ကြောင်း ဖိလစ်ပိုင်က စွပ်စွဲခဲ့သည်။ အငြင်းပွားလျက်ရှိသော နယ်မြေတွင် တရုတ်နိုင်ငံက ရန်စမှုများပြုကြောင်း ဖိလစ်ပိုင်နိုင်ငံက အကြိမ်ကြိမ် စွပ်စွဲခဲ့သည်။

အင်တာနက်။

အစ္စလာမ္မာဘတ်ရှိ အမေရိကန်နိုင်ငံသားများလုံခြုံရေး သံရုံးသတိပေး

အစ္စလာမ္မာဘတ် မေ ၂၆

ပါကစ္စတန်နိုင်ငံအတွင်း မိမိတို့၏ သံရုံးဝန်ထမ်းများနှင့် နိုင်ငံသားများအတွက် ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်ချက်များကို မြို့တော်အစ္စလာမ္မာဘတ်ရှိ အမေရိကန်သံရုံးက မေ ၂၆ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီအား တရားရုံးတော်အပေါ် မထီမဲ့မြင်ပြုမှုဖြင့် အပြစ်ရှိသည်ဟု တရားရုံးချုပ်က ဆုံးဖြတ်လိုက်ပြီးနောက် မကြာမီတွင် အမေရိကန်သံရုံး၏ လုံခြုံရေးဆိုင်ရာ သတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

တရားရုံးချုပ်၏ဆုံးဖြတ်ချက်ကို ဆန့်ကျင်သည့်အနေဖြင့် ပါကစ္စတန်ပြည်သူ့ပါတီအား ထောက်ခံသူများက နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်နှင့် နိုင်ငံအလယ်ပိုင်း ပန်ဂျပ်ပြည်နယ်တို့၌ ဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။

မြို့တော်အစ္စလာမ္မာဘတ်ရှိ စားသောက်ဆိုင်များနှင့် ဈေးများသို့ မေ ၂၇ရက်မှ မေ ၅ရက်အထိ သွားရောက်ခြင်းမပြုရန် အမေရိကန်သံရုံး၏ သတိပေးချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဂျပန်-မြန်မာပြည်သူများ ရင်းနှီးချစ်ကြည်မှု တိုးတက်ခိုင်မာရေးအတွက် လူငယ်ကိုယ်စားလှယ်များအား အပြန်အလှန်စေလွှတ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်လွှတ်တော်အမတ် Mr. Takeda Ryota အား ဧပြီ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ခေတ္တတည်းခိုသည့် Hotel New Otani၌ လက်ခံတွေ့ဆုံသည်။

ထို့နောက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ဂျပန်လွှတ်တော်အမတ် Mr. Hirohiko Nakamura အား လက်ခံတွေ့ဆုံသည်။

ထို့အတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဂျပန်ဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ယင်းနောက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် International Friendship Exchange Council (FEC)ဥက္ကဋ္ဌ Mr. Ken Matsuzawa နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

အလားတူ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် Graduate Institute of Policy Studies (GRIPS) ဥက္ကဋ္ဌ Prof: Takashi Shirashi နှင့်အဖွဲ့အားလက်ခံတွေ့ဆုံသည်။

ထို့နောက် နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ဂျပန်ဝန်ကြီးချုပ်ဟောင်း Mr. Nakasone အားလက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးလှထွန်းနှင့် ဦးတင်နိုင်သိန်း၊ သံအမတ်ကြီး ဦးခင်မောင်တင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဂျပန်-မြန်မာပြည်သူများ ရင်းနှီးချစ်ကြည်မှု တိုးတက်ခိုင်မာရေးအတွက် လူငယ်ကိုယ်စားလှယ်များအား အပြန်အလှန်စေလွှတ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ညပိုင်းတွင် Hapoan Restaurant ၌ ဂျပန်-မြန်မာအသင်းက တည်ခင်းသည့် ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်လွှတ်တော်အမတ် Mr. Hirohiko Nakamura အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ပမှရင်းနှီးမြှုပ်နှံမှုများကမ်းလှမ်းလာမှုနှင့် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်ပေးနေ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၂ ရက် ညနေ ၅ နာရီတွင် တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ ဂျပန်နိုင်ငံသို့ ခေတ္တကြွရောက်နေသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသည့် ဆရာတော် သံဃာတော် ခုနစ်ပါးတို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သံအမတ်ကြီးနှင့် ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအားတွေ့ဆုံရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတအား သံအမတ်ကြီးဦးဆောင်သော သံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတက သြဝါဒစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှု၊ ဧပြီ ၁ ရက်တွင်ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့မှု၊ နိုင်ငံတကာမှ အပြုသဘောဆောင်သော ဆက်သွယ်ဆက်ဆံမှုများ ပိုမိုဆောင်ရွက်လာမှု၊ နိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဖော်ဆောင်သွားရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်နေမှု၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကမ်းလှမ်းလာမှုနှင့် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဖော်ဆောင်ပေးနေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံခေတ်မီဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်မည်ဖြစ်၍ ပညာတော်သင်များအနေဖြင့် အသိပညာ၊ အတတ်ပညာများကို ကြိုးစားသင်ယူရန် လိုအပ်မှုတို့ကို ရှင်းလင်းပြောကြားပြီး သံရုံးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ နိုင်ငံများတွင် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာအောင် တည်ဆောက်ရန်၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန်၊ သံတမန်ကျင့်ဝတ်၊ စည်းမျဉ်းများကို လိုက်နာပြီး နိုင်ငံ့တာဝန်များကို စည်းလုံးညီညွတ်စွာ ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားခဲ့သည်။

ပံ့ပိုးချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်သမ္မတက သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဝန်ထမ်းများ၊ မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ပညာတော်သင်များအား ပံ့ပိုးချီးမြှင့်ငွေများကို ပေးအပ်သည်။

(သတင်းစဉ်)